
လှည့်ကွက်
Translator
GOLDEN STAR
အခန်း - ၂၀

## အခန်း (၂၈၆) - မျက်လှည့်ပညာများ (အပိုင်း - ၃)

*

~မျက်တောင်တစ်ခတ်စာ အချိန်လေးအတွင်းမှာပင် ထိုလူလေးဦး၏ တိုက်ပွဲသည် သည်းကြီးမည်းကြီး ပြင်းထန်လာပြီး ပတ်ဝန်းကျင် တစ်ခုလုံးတွင် ဖုန်မှုန့်များနှင့် အပျက်အစီးများ လွင့်ပျံနေတော့၏။

အခြားတစ်ဖက်တွင်လည်း ပလ္လင်ထမ်းလေးဦးအနက် သုံးဦးမှာ မြေပြင်ပေါ်တွင် အသက်မဲ့ လဲကျနေပြီး... ကျန်ရှိနေသော တစ်ဦးသည်သာ ဂူတောက်ယို နှင့် အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်နေဆဲ ဖြစ်သည်။

ဤမျှ ရုတ်ချည်း ပြောင်းလဲသွားသော အခြေအနေများကြောင့် ဖုန်းပိုင်ချွမ်းနှင့် သူ၏ အပေါင်းအပါများမှာ ကြောင်အမ်းအမ်း ဖြစ်သွားကြရ၏။

သူတို့၏ တာဝန်သည် ဖူဟန်ယွမ်ကို ကယ်တင်ရန်သာ ဖြစ်သည်ဟု ထင်မှတ်ထားခဲ့သော်လည်း... မျက်စိရှေ့တွင် ဖြစ်ပျက်နေသော မြင်ကွင်းများက သူတို့၏ ထင်မြင်ချက်များနှင့် လားလားမျှ မသက်ဆိုင်နေပေ။

တကယ်ကို နားလည်ရခက်သော အခြေအနေပင်။

သို့သော် ယခုအချိန်တွင် သူတို့အနေဖြင့် ဤအတွေးများကို အာရုံစိုက်နေ၍ မဖြစ်ပေ။ သူတို့ကို ဝိုင်းရံထားသော အနက်ရောင်ဝတ် လူများသည် သာမန်လက်ရည်မျိုး မဟုတ်ကြဘဲ... ၎င်းတို့၏ စုပေါင်းတိုက်ခိုက်မှုများကို ကာကွယ်ရန် အတော်ပင် ခက်ခဲနေပြီ ဖြစ်၏။

လျိုမိုက အော်ဟစ်လိုက်သည်။

"တိုက်ပွဲမှာ အချိန်မဆွဲနဲ့... ထွက်ပြေးလို့ရရင် ပြေးကြ"

သူသည် ယန်ရီဇီနှင့် သုံးပါးအစွန်းရောက်ဂိုဏ်းကြားက ရှုပ်ထွေးပွေလီသော ဆက်နွယ်မှုများကို နားမလည်ပေ။ သူတို့အဖွဲ့သည် မတော်တဆ ဤအရှုပ်တော်ပုံထဲသို့ ဝင်ရောက်မိခြင်း ဖြစ်သည်ဟုသာ ခံစားနေရသည်။

ထို့ကြောင့် သူတို့၏ ဦးစားပေးမှာ ဤတိုက်ပွဲမြေပြင်မှ လွတ်မြောက်ရန်သာ ဖြစ်၏။

သို့သော် ရုတ်တရက် ဆိုသလို သတ်ဖြတ်သံများ တစ်ဟုန်ထိုး နီးကပ်လာပြန်သည်။ အခြားတစ်ဖက်မှ လူတစ်စုသည် တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာပြီး အခြေအနေကို ပိုမို ရှုပ်ထွေးသွားစေသည်။

ဤလူစုသစ်သည် အနက်ရောင်ဝတ် လူများကို ရက်စက်ကြမ်းကြုတ်စွာ သည်းကြီးမည်းကြီး သတ်ဖြတ်လေတော့၏။

စစ်ကူရောက်လာသည်ကို မြင်လိုက်ရသောအခါ သူတို့၏ စိတ်ဓာတ်များ ပြန်လည် တက်ကြွလာကြသည်။

"အကုန်သတ်ကြ"

ရန်သူက ကိုယ့်ထက် အင်အားကြီးနေလျှင် ထွက်ပြေးခြင်းသည် သဘာဝကျသော်လည်း... ကူညီမည့်သူ ရှိလာသောအခါ အနာဂတ် ရန်စွယ်များကို အမြစ်ပြတ် ရှင်းလင်းပစ်ခြင်းသည်သာ အကောင်းဆုံး နည်းလမ်းဖြစ်ပေသည်။

တိုက်ပွဲမြေပြင် တစ်ခုလုံးတွင် သိုင်းကွက်အမျိုးမျိုးဖြင့် တိုက်ခိုက်နေကြသည်မှာ ဆူညံပွက်လောရိုက်နေတော့၏။

သို့သော် ဆုမို၊ ယန်ရှောင်ယွင်နှင့် ကျန်းရှောင်ရှောင်တို့သည် အေးဆေးတည်ငြိမ်စွာဖြင့် အခြေအနေကို စောင့်ကြည့်နေကြသည်။

ယန်ရှောင်ယွင်က သူမ၏ စိတ်ကို ထိန်းချုပ်နိုင်စွမ်း ရှိ၍တော့ မဟုတ်ပေ။ ဆုမိုက သူမကို ဝင်ရောက်စွက်ဖက်ခွင့် မပြုသေးသောကြောင့်သာ ဖြစ်၏။

ယန်ရှောင်ယွင်သည် ဆုမို၏ ညွှန်ကြားချက်ကို အမြဲတမ်း လိုက်နာလေ့ရှိသည်။ ထို့ကြောင့် သူမသည် စိတ်ကို လျှော့ကာ သည်းခံနေခြင်း ဖြစ်၏။ သို့သော် သူမ၏ မျက်ဝန်းများသည် ယန်ရီဇီ၏ ပုံရိပ်ကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

အထူးသဖြင့် ယန်ရီဇီက မိုးပြာနဂါး အရပ်ရှစ်မျက်နှာ လျှပ်စီးလှံသိုင်း ကို ထုတ်သုံးလိုက်သောအခါ သူမ၏ အာရုံစိုက်မှုသည် ပိုမို ခိုင်မာသွား၏။

အရင်က သံသယများ ရှိခဲ့သော်လည်း… ထိုလှံသိုင်းကို မြင်လိုက်ရသည့် အချိန်တွင်မူ ယန်ရှောင်ယွင်၏ စိတ်ထဲ၌ မသေချာမှု အစအနလေး တစ်ခုတောင် မကျန်ရှိတော့ပေ။

ဆုမိုကမူ မျက်ခုံးများကို အနည်းငယ် တွန့်ချိုးထားသည်။ ဒီတိုက်ပွဲထဲမှာ နောက်ထပ် အပြောင်းအလဲတွေ ဖြစ်လာဦးမည်ဟု သူ အာရုံခံမိနေ၏။

ယခုအချိန်တွင် ကူပိရန် သည် ယန်ရီဇီ ဦးဆောင်သော သုံးယောက်အဖွဲ့၏ ဝိုင်းရံတိုက်ခိုက်ခြင်းကို ခံနေရသည်။

ယန်ရီဇီသည် သူ၏ နက်ရှိုင်းသော အတွင်းအား၊ ကျင်းဟုန် ဖေးရွှယ် လက်သီးသိုင်းနှင့် မိုးပြာနဂါး အရပ်ရှစ်မျက်နှာ လျှပ်စီးလှံသိုင်း တို့ကို ပေါင်းစပ်ကာ ခန့်မှန်းရခက်သော ပုံစံဖြင့် ဦးဆောင်တိုက်ခိုက်နေ၏။

သူသည် ကူပိရန်၏ လျှို့ဝှက်ဆန်းကြယ်သော သိုင်းပညာအတွက် ပြီးပြည့်စုံသော ပြိုင်ဘက်ကောင်း တစ်ဦး ဖြစ်သည်။

ယွီလင်းရှင်းသည် ဘေးမှနေ၍ အလစ်ချောင်းနေ၏။ သူမ၏ သိုင်းပညာသည် ယန်ရီဇီနှင့် ကူပိရန်တို့ကို မယှဉ်နိုင်သော်လည်း… သူမ၏

မိသားစုပိုင် ယွီဝိညာဉ် သတ်ဖြတ်ခြင်း သိုင်းနှင့် အသက်ငွေ့ ဖုံးကွယ်ခြင်း ပညာတို့ကို ပေါင်းစပ်အသုံးပြုကာ ရန်သူ၏ အားနည်းချက်များကို ချိန်ရွယ် တိုက်ခိုက်နေသည်။

နောက်ဆုံး ပါဝင်တိုက်ခိုက်နေသူမှာ ချီလင်ဓားသမား ဖြစ်၏။ သူ၏ (၇) ပေ နက်မှောင်အလင်းဓားကြီးကို ဝှေ့ယမ်းကာ ပြင်းထန်သော ဓားချက်များ ဖြင့် ဖိအားပေးနေ၏။

သူတို့လေးဦး၏ တိုက်ပွဲသည် အလွန် ပြင်းထန်လှပြီး ခေတ္တမျှ အနိုင်အရှုံး မကွဲပြားဘဲ ရှိနေသည်။

သို့သော် ဤအခြေအနေသည် ကြာရှည်မခံလိုက်ပေ။ ဝူတောက်ယိုက နောက်ဆုံးကျန်နေသော ပလ္လင်ထမ်းကို ဓားတစ်ချက်ဖြင့် အဆုံးစီရင်လိုက် ပြီး တိုက်ပွဲထဲသို့ ဝင်ရောက်လာသောအခါ အခြေအနေသည် တစ်ဟုန်ထိုး ပြောင်းလဲသွားတော့သည်။

ဝူတောက်ယိုက နောက်ဆုံးမှ ရန်သူကို အနိုင်ယူနိုင်ခဲ့ခြင်းမှာ သူ၏ သိုင်း ပညာ ညံ့ဖျင်းလို့တော့ မဟုတ်ပေ။

ယွီလင်းရှင်းက ယွီဝိညာဉ် သတ်ဖြတ်ခြင်း သိုင်း၏ စွန့်စားရသော နည်း လမ်းကို သုံးပြီး ရုတ်တရက် အသေခံ တိုက်ခိုက်ခဲ့ခြင်းကြောင့် ပလ္လင်ထမ်း မှာ စွမ်းရည်အကုန် မထုတ်ရသေးခင် သေဆုံးသွားရခြင်း ဖြစ်၏။

ချီလင်ဓားသမားကတော့ သူ၏ ဓားရှည်ကြီး အစွမ်းဖြင့် နောက်ထပ် ပလ္လင်ထမ်းတစ်ဦးကို အလစ်အငိုက် ဖမ်းကာ နှစ်ပိုင်းပိုင်းပစ်ခဲ့သည်။

ဝူတောက်ယို တစ်ဦးတည်းသာလျှင် သူ၏ ပြိုင်ဘက်နှင့် အပြန်အလှန် အကြိတ်အနယ် တိုက်ခိုက်ခဲ့ရပြီး နောက်ဆုံးမှ အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်၏။

ယခု ဝူတောက်ယိုပါ ပါဝင်လာသဖြင့် ကူပိရန်မှာ အရပ်မျက်နှာ အသီးသီး

မှ ဝိုင်းရံပိတ်ဆို့ခြင်းကို ခံလိုက်ရလေပြီ။

နောက်ဆုံးတွင် ယန်ရီဇီ၏ လက်ဝါးတစ်ချက်သည် သူမ၏ ပခုံးကို ထိမှန်သွားပြီး ပခုံးရိုးကို ချက်ချင်း ကျိုးကြေသွားစေသည်။ ထို့နောက် ယွီလင်းရှင်း၏ သွေးရောင် မန်ဒရင်းဘဲ ဓားက သူမ၏ ခြေမျက်စိများကို ပိုင်းဖြတ်လိုက်ရာ ကောင်းကင်ဂိုဏ်းချုပ်မှာ ဗိုင်းခနဲ ဒူးထောက်ကျသွားပြီး မတ်တတ်မရပ်နိုင်တော့ပေ။

ချီလင်ဓားသမားက သူ၏ ဓားကို သူမ၏ လည်ပင်းပေါ်သို့ တင်ကာ အပြီးတိုင် ချုပ်နှောင်လိုက်တော့၏။

"အရာအားလုံး ပြီးဆုံးသွားပြီ... သုံးပါးအစွန်းရောက်ဂိုဏ်းသား တစ်ယောက်မှ အရှင်မထားနဲ့"

ယန်ရီဇီ၏ အသံသည် ပြတ်သားစွာ ထွက်ပေါ်လာသည်။ ဂူတောက်ယိုက ဟားတိုက် ရယ်မောလိုက်ပြီး...

"အဲဒါ ကျုပ်အကြိုက်ပဲဗျာ"

သူသည် ခုန်ပျံတိုက်ခိုက် ကာ အနက်ရောင်ဝတ် လူအုပ်ကြားထဲသို့ ထိုးဖောက်ဝင်ရောက် သွားလေတော့၏။

ယန်ရီဇီသည် ကူပိရန်၏ အနီးသို့ လျှောက်သွားပြီး သူမကို ငုံ့ကြည့်လိုက်သည်။

"နောက်ဆုံးတော့ မင်း ငါ့လက်ထဲ ရောက်လာပြီပဲ"

"ဘယ်လိုလုပ်ပြီး..."

ကူပိရန်သည် ယခုအချိန်တွင် ဆိုးရွားစွာ ဒဏ်ရာရထားသော်လည်း သူမ၏ အလှတရားကတော့ ပျက်စီးမသွားသေးပေ။ သူမသည် မျက်လုံးများကို ပင့်ကြည့်လိုက်ပြီး...

"ရှင်ကလည်း ကျွန်မကို ကုတင်ဘေးက အမြဲတမ်း ညှော့သည်တော်... လိုက်ကာစနောက်က ကြင်ယာတော်အဖြစ် ထားချင်နေတာလားဟင်"

ယန်ရီဇီ၏ မျက်ဝန်းများထဲတွင် သတ်ဖြတ်လိုစိတ်များ ရိပ်ခနဲ ဖြတ်ပြေးသွားသည်။ သူ စကားပြန်ပြောရန် ပြင်လိုက်စဉ်မှာပင် ရုတ်တရက် မျက်မှောင်ကြုတ်ကာ နောက်သို့ ချာခနဲ လှည့်ထွက် လိုက်သည်။

ကျောက်ခဲတစ်လုံးသည် လေကို ခွင်းလျက် သူ့ဆီသို့ အဟုန်ပြင်းစွာ ပျံသန်းလာနေ၏။ မျက်တောင်တစ်ခတ်စာ အတွင်း (၃) ပေ အကွာသို့ ရောက်ရှိနေပြီ ဖြစ်၏။

"ဟင်..."

ယန်ရီဇီ အံ့ဩသွားသည်။ ကျောက်ခဲသည် အသံမမြည်ဘဲ ရောက်လာသဖြင့် ရှောင်တိမ်းရန် အချိန်မမီတော့ပေ။ ထို့ကြောင့် သူသည် လက်ဝါးတစ်ဖက်ကို ဆန့်ထုတ်ကာ ခုခံလိုက်ရသည်။

"ဝီ..."

တဝီဝီ မြည်သံနှင့်အတူ ကျောက်ခဲသည် သူ၏ လက်ဝါးနှင့် (၃) လက်မ ခန့် အကွာတွင် တုန်ခါနေ၏။

သို့သော် ထိုကျောက်ခဲမှ သက်ရောက်နေသော အားသည် ကြီးမားလွန်းလှသဖြင့် ယန်ရီဇီမှာ ခြေထောက်ကို မြေကြီးထဲ စိုက်ထားသော်လည်း နောက်သို့ တရွတ်တိုက် ပါသွားရသည်။

သူသည် အခြားလက်တစ်ဖက်ဖြင့် ခုခံထားသော လက်၏ နောက်ကျောကို ပင့်ကူလိုက်ပြီး အတွင်းအား အကုန်ထုတ်ကာ တွန်းကန်လိုက်သည်။

လက်ဝါးနှစ်ဖက် ပေါင်းစပ်လိုက်သောအခါ ကျိုးပဲ့သံတစ်သံ ထွက်ပေါ်လာပြီး ကျောက်ခဲသည် ရုတ်ချည်း အမှုန့်ဖြစ်ကာ လေထဲတွင် လွင့်ပျံ

သွားတော့၏။

သို့သော် သူ မော့ကြည့်လိုက်သောအခါ ဖရိုဖရဲ ပုံစံနှင့် အနက်ရောင်ဝတ် လူတစ်ယောက်သည် ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိဘဲ သူ့ရှေ့ တွင် ပေါ်လာပြီး လက်ဝါးဖြင့် တိုက်ခိုက်လိုက်၏။

လက်ဝါးရိပ်များသည် တိမ်တိုက်များ ရွေ့လျားသလို လျင်မြန်စွာ ပြောင်းလဲနေပြီး ရုတ်တရက် မရေမတွက်နိုင်သော လက်ဝါးရိပ်များအဖြစ် ကွဲပွားသွားသည်။

တိမ်စီးကြောင်း လက်ဝါးသိုင်း။

ယန်ရှီဇီသည် လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် လှည့်ပတ်လိုက်ပြီး လက်ဝါးနှစ်ဖက်စလုံးဖြင့် ပြန်လည် တွန်းထုတ်လိုက်သည်။

"ဝုန်း"

ကျယ်လောင်သော ပေါက်ကွဲသံကြီးနှင့်အတူ လက်ဝါးလေးဖက် ထိတွေ့ သွားကြသည်။ ကြီးမားသော ဖိအားကြောင့် ယန်ရှီဇီမှာ နောက်သို့ ဆက်တိုက် ဆုတ်ခွာသွားရသည်။

သူ ဖြတ်သန်းသွားရာ လမ်းတစ်လျှောက်တွင် အတွင်းအားများ ပေါက်ကွဲ ထွက်နေပြီး မြေကြီးများ ပွင့်ထွက်ကုန်၏။

မျက်တောင်တစ်ခတ်စာ အတွင်း (၅) ကျန်း ခန့် နောက်ဆုတ်လိုက်ရပြီး နောက် သူတို့နှစ်ဦး ရုတ်တရက် နေရာချင်း လဲလိုက်ကြသည်။

ထို့နောက် ယန်ရှီဇီက ဟိန်းဟောက် လိုက်သည်။

"မင်းလား... မင်းက ကောင်းကင်ဂိုဏ်းချုပ်လား"

"မင်း သိတာ နောက်ကျသွားပြီ"

တစ်ဖက်လူ၏ အသံတွင် နွေးထွေးမှု အစအနပင် မပါရှိပေ။ အတွင်းအား

များ ရိုက်ခတ်မှုကြောင့် ယန်ရှီဇီ၏ မျက်နှာဖုံးနှင့် ဝတ်ရုံလက်စများ အပိုင်းပိုင်းအစစ စုတ်ပြဲသွားကြသည်။

သူ၏ မျက်နှာအစစ်အမှန် ပေါ်ထွက်လာလေပြီ။

"အဖေ"

ယန်ရှောင်ယွင်က လွှတ်ခနဲ အော်ဟစ် လိုက်သည်။

ထိုစဉ် ကောင်းကင်မှ အနီရောင် အလင်းတန်းတစ်ခု ကျဆင်းလာသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။

ဓားရောင်..

ထိုဓားရောင်ထဲတွင် သွေးကဲ့သို့ နီရဲသော လူရိပ်တစ်ခု ပါဝင်နေပြီး ကောင်းကင်မှ ကျဆင်းလာသော သွေးစက်များပမာ ဖြစ်နေ၏။

ကောင်းကင်ဂိုဏ်းချုပ် အစစ်အမှန်က ရုတ်တရက် မော့ကြည့်လိုက်ပြီး အေးစက်စွာ လှောင်ပြောင် လိုက်သည်။

"သွေးရောင် မန်ဒရင်းဘဲ ဓား ..

လင်းဟုန်ရှ... ဒါ မင်းရဲ့ နောက်ဆုံးဝှက်ဖဲလား... သိပ်တော့ မမိုက်ပါလား"

သူသည် လက်တစ်ဖက်ကို မြှောက်ကာ ဓားသဖွယ် ပြုလုပ်လိုက်ပြီး... မျက်တောင်တစ်ခတ်စာ အတွင်း ဓားချက်ပေါင်း သုံးထောင် မြေကြီးထဲမှ ထိုးထွက်လာသလို အပေါ်သို့ ပင့်တင်လိုက်၏။

ဓားရောင်များ ဖြတ်သန်းသွားသောအခါ လင်းဟုန်ရှ၏ ပုံရိပ်သည် ရုတ်ချည်း ကွဲကြေသွားပြီး (၃) ကျန်း အကွာတွင် ပြန်လည် ပေါ်ထွက်လာသည်။

သူမသည် ခြေကို ခိုင်မြဲစွာ ရပ်လိုက်ပြီး လက်တစ်ဖက်စီတွင် သွေးရောင် ဓားတိုတစ်လက်စီ ကိုင်ဆောင်ထား၏။

ပါးစပ်မှ သွေးများ ဝေ့ခနဲ အန်ချ လိုက်ပြီး အလန့်တကြား အော်ဟစ်

လိုက်သည်။

"သူ့သိုင်းပညာက အရမ်း အားကောင်းလွန်းတယ်... မဖြစ်ဘူး... ယန်ကြီး ... မြန်မြန်ဆုတ်"

"နောက်ကျသွားပြီ"

ကောင်းကင်ဂိုဏ်းချုပ်က လှောင်ပြောင် လိုက်သည်။

"မင်းတို့ ပေါင်းပြီး ငါ့ကို ထောင်ချောက်ဆင်တယ်... နည်းလမ်းပေါင်းစုံ သုံးပြီး ငါ့ကို အပြင်ထွက်လာအောင် လုပ်တယ် မဟုတ်လား... အခု ငါ ရောက်လာပြီလေ... မင်းတို့ ဘယ်လို ထွက်ပြေးကြမလဲ"

"ရှင်က အရမ်းနေးတာပဲ"

ကူပိရန်၏ အသံသည် အဝေးမှ ပဲ့တင်ထပ် ထွက်ပေါ်လာ၏။

ကောင်းကင်ဂိုဏ်းချုပ်က ခေါင်းခါလိုက်သည်။

"ငါ မပေါ်လာခင် သူ့ကို အိပ်ပျော်သွားအောင် အရင်လုပ်ရသေးတယ်လေ... အခု အချိန်ကိုက်ပါပဲ"

သူသည် အတွင်းအားများကို စုစည်းပြီး ယန်ရီဇီကို တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။

သို့သော် အတွင်းအား လွှဲပြောင်းနေစဉ်မှာပင် ယန်ရီဇီ၏ လက်ဝါးမှ အားကောင်းသော စွမ်းအင်တစ်ခု ပေါက်ကွဲထွက်လာသည်ကို ရုတ်တရက် ခံစားလိုက်ရသည်။

"ဟမ်..."

အလစ်အငိုက် မိသွားသော ကောင်းကင်ဂိုဏ်းချုပ်သည် ရုတ်ချည်း နောက်သို့ လွင့်စင်သွားလေတော့၏။

လက်ဝါးနှစ်ဖက်သည် သူ့ရှေ့တွင် လည်ပတ်နေပြီး အတွင်းဘက်သို့ ဖိချ

လိုက်သည်။ လူရိပ်တစ်ခုသည် သစ်ရွက်တစ်ရွက်ကဲ့သို့ ပေါ့ပါးစွာဖြင့် မြေပြင်ပေါ်သို့ သက်ဆင်းလိုက်ရာ ဖုန်မှုန့် အနည်းငယ်မျှပင် ထွက်ပေါ်လာခြင်း မရှိပေ။

ရုတ်တရက် မော့ကြည့်လိုက်သောအခါ ယန်ရီဇီ၏ ကျောနောက်တွင် ရပ်နေသော လူငယ်တစ်ဦးကို တွေ့လိုက်ရသည်။ ထိုလူငယ်၏ ကျောပေါ်တွင် ဓားသေတ္တာ တစ်လုံးကို လွယ်ထား၏။

ကောင်းကင်ဂိုဏ်းချုပ်၏ မျက်နှာပေါ်တွင် ဇဝေဇဝါ ဖြစ်မှုများ ပေါ်ပေါက်လာ၏။

"လူသားဂိုဏ်းချုပ်က... ရုတ်တရက် ကောင်းကင်ဂိုဏ်းချုပ် ဖြစ်သွားတယ်... ဦးလေးယန်... ဒါက ဘယ်လို မျက်လှည့်မျိုးလဲဗျ"

"...ရှောင်မို"

ယန်ရီဇီသည် အံ့သြတကြီး လှည့်ကြည့်လိုက်ရာ ဆုမိုက နွေးထွေးစွာ ပြုံးပြလိုက်သည်။

"စိတ်မပူပါနဲ့... ဦးလေးရဲ့ တူတော်မောင် ရောက်လာပါပြီ"